## စာရေးသူမှ အမှာစကား

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလမှာ ဘင်္ဂလားပင်လယ်အော်ထဲမှာ Phialin Cyclone မုန်တိုင်းဖြစ်တော့ လေတိုက်နှုန်းဟာ တစ်နာရီကို (၁၆၂) မိုင်နှုန်းအထိမြင့်တက်လာခဲ့တယ်။ အဲဒီလောက်ပြင်းထန်တဲ့ Super Cyclone အဆင့်နဲ့ အိန္ဒိယနိုင်ငံအရှေ့ဖက်ကမ်းက Andra Pradesh ပြည်နယ်ကို ဝင်တိုက်ခဲ့တယ်။ အဲဒီမှာ မိတ်ဆွေတစ်ယောက်ကမေးလာတယ်။ ဒီလောက် ပြင်းထန်တဲ့ လေတိုက်နှုန်းနဲ့ Phialin ဟာ အိန္ဒိယကို ဝင်ခဲ့တော့ လူအသေ အပျောက်က ဆယ်ဂဏန်းပဲရှိတယ်။ သူ့လောက်မပြင်းထန်တဲ့ Nargis Cyclone မြန်မာနိုင်ငံကိုတိုက်တော့ လူတစ်သိန်းခွဲလောက်သေတယ်။ အဲဒါ ဘာတွေကွာခြားနေလို့ပါလည်းတဲ့။ နောက်တစ်ယောက် ကလည်း မေးဘူးတယ်။ နာဂစ်မုန်တိုင်းဖြစ်တော့ မြစ်ဝကျွန်းပေါ်ဒေသကိုမဝင်ပဲ အရင်လို အစဉ်အလာ အတိုင်းသာ ရခိုင်ကမ်းရိုးတန်းကိုသာ ဝင်ခဲ့ရင် လူတွေဒီလိုသေပါ့မလားတဲ့။ နာဂစ်နဲ့ပတ်သက်တဲ့ အဖြေရအောင်ရှာရမယ့် မေးခွန်းတွေ အများကြီးကျန်နေ ပါတယ်။ နာဂစ်ဟာ မြန်မာနိုင်ငံအတွက် သဘာဝဘေးအန္တရာယ် ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းမှာ သမိုင်းတစ်ခုပါ။ အလွန်ကြေကွဲဖွယ်ရာ ကောင်းတဲ့ သမိုင်းပါ။ လူပေါင်း(၁၃၈,၀၀၀)ကျော်သေဆုံးခဲ့တယ်။ အိမ်ယာ အဆောက်အဦ ပေါင်း (၇)သိန်းခွဲကျော်ပျက်စီးခဲ့ပြီး လူဦးရေ(၁၁)သန်းကျော်ကို ထိခိုက်နစ်နာ စေခဲ့တယ်။ အထွေထွေအရပ်ရပ် ပျက်စီးမှုတန်ဖိုး ၁၁. ၈ ထရီလီယံကျပ် ဆုံးရှုံးခဲ့တယ်။ သဘာဝဘေးပျက်စီးဆုံးရှုံးမှုမှာ ကမ္ဘာမှာနံပါတ် (၈)၊ မြန်မာမှာ နံပါတ်(၁)ဖြစ်ခဲ့တယ်။

နာဂစ်မုန်တိုင်းကြီးပြီးတော့ ကျွန်တော်နဲ့ နာဂစ်ကာလတလျှောက်လုံး အဆက်အသွယ်မပြတ်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲ တစ်ဦးက နာဂစ်ကြောင့် အခုလိုပျက်စီးဆုံးရှုံးမှုတွေကြုံရတော့ အစိုးရအဖွဲ့တာဝန်ရှိတဲ့ ဝန်ကြီးဌာနတွေ အားလုံးကို မိမိတို့ဝန်ကြီးဌာနတွေအနေနဲ့ နာဂစ်ကာလမှာ ဘာတွေလုပ်ခဲ့ကြ သလည်း ဆိုတာတွေကို အသေးစိတ်အစီရင်ခံစာ တင်ခိုင်းခဲ့တယ်။ ဒါတွေဟာ အကြောင်းနဲ့အကျိုး သူ့ဟာနဲ့ သူရှိနေကြပါတယ်။

တကယ်တော့ နာဂစ်နဲ့ပတ်သက်ပြီး သန္နေတည်မွေးဖွားခဲ့ကတည်းက ပျက်ပြုန်းပြီးဆုံးသွားတဲ့အထိ အစမှအဆုံးတာဝန်ယူဆောင်ရွက်ခဲ့ရတဲ့ဌာနဟာ မိုးလေဝသဌာနဖြစ်ပါတယ်။ အဲဒီအချိန်မှာ မာလိန်မှူးက ကျွန်တော်ပါ။ ဒီတော့ ကျွန်တော်ဟာ နာဂစ်ကို (၁၀)ရက်ကျော်လောက် နေ့ညမပြတ် စောင့်ကြည့် နေခဲ့တဲ့သူ ဖြစ်နေပါတယ်။ ဒီတော့ ကျွန်တော် အကုန်နီးပါး သိနေခဲ့ပါတယ်။ နောက်ပြီး နာဂစ်ဟာ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်ဖြစ်ရပ်တစ်ခု၊ ဒီသမိုင်းကို နောင်မှာ ကျွန်တော်တို့ 'မ. . အ' ရလေအောင် တစ်နည်းပြောရရင် နောက်တစ်ကြိမ်ကြုံလာရင် ဒီလို မရှုမလှ မခံရလေအောင် ကျွန်တော်တို့ သမိုင်းသင်ခန်းစာတွေယူဖို့၊ အဲဒီသင်ခန်းစာတွေကမှတစ်ဆင့် လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ ပြင်ဆင်မှုတွေလုပ်ဖို့ လိုပါတယ်။

ဒီရည်ရွယ်ချက် တာဝန်သိမှုနဲ့ ကျွန်တော်ဒီစာအုပ်ကိုရေးပါတယ်။ ပြီးခဲ့တဲ့ကိစ္စအတွက် မည်သူ့မှာတာဝန်ရှိတယ်၊ မည်သူကညံ့လို့၊ တာဝန်မဲ့လို့ဆိုတဲ့ အပစ်ရှာချင်၊ လက်ညှိုးထိုးချင်တဲ့ ရည်ရွယ်ချက်မရှိပါ။ အားလုံးတာဝန် ရှိကြပါတယ်လို့ပဲ ခံယူပါတယ်။ အရေးကြီးတာက ကျွန်တော်တို့နိုင်ငံသားတွေ နောက်တစ်ကြိမ် နာဂစ်လို မုန်တိုင်းမျိုးကြုံလာခဲ့ရင် နာဂစ်တုန်းကလို သမိုင်း အမဲကွက်ကြီးတစ်ခု ထပ်မကျန်ရစ်ခဲ့ရလေအောင် လိုအပ်တဲ့ပြင်ဆင်မှုတွေ လုပ်ထားနိုင်ကြဖို့ကိုသာ အရေးအကြီးဆုံးမို့ ဒီစာအုပ်ဟာ အဲဒီလိုအပ်ချက် အတွက် အုတ်တစ်ချပ်သဲတစ်ပွင့် ဖြစ်မယ်ဆိုရင် ကျွန်တော် ရင်ဖွင့်ရကျိုးနပ်ပါပြီ။

မောင်ထွန်းလွင်(မိုးလေဝသ)